

# စမ်းစမ်းနွဲ့(သာယာဝတီ)
# လေးကိုတင်

# စကားမပြောနဲ့တဲ့ မောင်

2016.GRAPHIC DESIGN : KYAW MINN MOUNG

## "စကားမပြောနဲ့ တဲ့ ...မောင်နှင့် ပတ်သက်၍ "

၁၉၈၀ တစ်ဝိုက်က နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လုံးချင်း ဝတ္ထုများ တစ်ခေတ် ရှိခဲ့ဖူးသည် ။ နာမည်ရ စာရေးဆရာများ ၏ ဝတ္ထု လတ်တို့ ကို ပူးတွဲထုတ်ဝေခဲ့ကြသောကာလ။ ဝတ္ထုခေါင်းစဉ်ကအစ တ စ်ခုတည်းဖြစ်အောင် ဆက်စပ်ပေးခဲ့ကြသည် မျိုး။ ယခု ဆရာမ စမ်းစမ်း နွဲ့ (သာယာဝတီ)၏ 'စကားမပြောနဲ့ တဲ့ ...'ဝတ္ထုဆိုလျှင် ဆရာငြိမ်းကျော်၏ 'အေးစက်မာကျောသော အသည်းနှလုံးကို အရည် ပျော်စေသတဲ့ 'နှင့်တွဲလျက် ထုတ်ဝေခဲ့ဖူးသော ဝတ္ထု။

၁၉၈၄ ခုနှစ်က ပထမအကြိမ် ထွက်ခဲ့ပြီး 'အေးစက်မာကျောအသည်းနှလုံးကို စကားမပြောနဲ့ တဲ့ ...'ဟု ခေါင်းစဉ် ကြီးကို ဆက်စပ်ပေးထားသည် ။ ထိုကာလကို ပြန်လည် လွမ်းဆွတ် သောအားဖြင့်လည်းကောင်း၊ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)ခြယ်မှုန်းခဲ့သည့် ထိုခေတ် ထိုကာလ အင်နှင့်အားနှင့် ကြီး ထွားခဲ့သော ရှုဒိုးစာရေးဆရာ လောကအကြောင်း၊ ယခုခေတ် စာဖတ်ပ ရိသတ်များ ပြန်လည် ဖတ်ရှုသိရှိစေလိုသောဆန္ဒဖြင့်လည်းကောင်း၊ ဆ ရာလေးကိုတင်၏ 'တက္ကသိုလ်နှင့် နိုင်ငံရေးနောက်ခံ အချစ် အလွမ်းဝ တ္ထုတစ်ပုဒ်ဖြစ်သော 'စကားတစ်ခွန်းတော့ ပြောမယ်မောင်'ဝတ္ထုနှင့် ပူး တွဲတင်ဆက်လိုက်ရခြင်း ဖြစ်သည် ။ ဝတ္ထုခေါင်းစဉ်ကြီးအဖြစ် 'စကားမ

ပြောနဲ့ တဲ့ ...မောင်'ဟူ၍ လည်း ကျွန်တော်တို့ ဆက်စပ်တင်ဆက်ပေး လိုက်ကြပါသည် ။

ရသစာပေဈေးကွက် ပျက်ယွင်းနေချိန်တွင် ရသစာပေကို ကျွန်တော်တို့ ဖောင်းပေးထုတ်ဝေလျက် ရှိသည် ကို အချို့က နားမလည်နိုင်သလို အံ့ဩမှ င်တက်ရှိကြပုံရပါသည် ။ ခန္ဓာကိုယ်၏ အချက်အချာအကျဆုံး လူ့နှလုံးသားကို ရသစာပေက မည်မျှအထိ ပျော့ပျောင်းသိမ်မွေ့နူးညံ့သွားအောင် လွှမ်းမိုးနိုင်ပုံကို ကျွန်တော်တို့ က ယုံပါသည် ။ ထိုယုံကြည်ချက်ဖြင့်ပင် ကျွန်တော်တို့ မတွန့်မဆုတ် ဆက် လက်ရပ်တည်နေကြခြင်း ဖြစ်ပါသည် ဟူ၍ ...။

**စာတည်းအဖွဲ့**

**လင်းလွန်းခင်စာပေ**

***

စမ်းစမ်းနွဲ့(သာယာဝတီ)

စကားမပြောနဲ့ တဲ့ ...



ဝင်းဝင်းနွဲ့
(သာယာဝတီ)

စကားမပြောနဲ့တဲ့....



## စကားမပြောနဲ့ တဲ့ ...

တစ်ပိုင်းပြတ် အိပ်မက်များ ကစဥ့်ကလျား စဥ်ထွက်ကုန်သည် ။ မွန်းကျပ်ခဲယဉ်းစွာ အသက်ရှူနေရခြင်းကို အဦးဆုံး သိ၏။ လေးလံသောမျက်ခွံများကို ပင်ပန်းကြီးစွာ အားယူဖွင့်ကြည့်သည် ။

လှိုင်းထနေသော အဖြူရိပ်များ တွင် လဝန်း၏ အလင်းတန်းသည် တရိပ်ရိပ် ရွေ့လျားနေသည် သို့ ထင်ရ၏။

မျက်နှာကြက်ဖြူဖြူကို အပီအပြင် မြင်ရသည့်အခါ မျက်နှာတည့်တည့်ပေါ်ကျရောက်နေသည့် မီးချောင်းအဝိုင်းကို စိုက်မကြည့်မိအောင် တစ်ဖက်သို့ စောင်းလှည့်မိသည် ။

"သတိရပြီလား ဖြူ"

အဟု န်ပြင်ပြင်း လည်ပတ်နေသော ပန်ကာသံ တဝီဝီကို ထွင်းဖောက်လာသည့်အသံ၊ ကိုကို့အသံ။

တွန်းထိုး ခုန်ဆောင့်ထွက်လာသော နှလုံးသွေးတို့ ငယ်ထိပ်မှ လျှံကျလာသလို ခံစားရသည် ။

"အသက်ရှူကျပ်လိုက်တာနော်"

တစ်ချက်မျှညည်းရင်း တစ်ဖက်သို့ ကိုယ်ကို ခပ်ကြမ်းကြမ်း စောင်းလှည့်ပစ်လိုက်သည် ။ ဖြူ့လက်ဖျားများကို တင်းတင်းဆုပ်နယ်ပေးနေသည့် ကိုကို့လက်ဖဝါးတွေ ပူလောင်လှပါကလား။ ဒါဆို ဖြူ့လက်ဖျားတွေကိုက ရေခဲတမျှ အေးစက်နေမည်။

"မွန်းလိုက်တာနော်...မောလှပြီ"

"စကားမပြောနဲ့ လေ ဖြူ၊ မောမယ်၊ ငြိမ်ငြိမ်လေး နားပြီး စိတ်ကို အေးအေးဆေးဆေး လျှော့ထား၊ ဖြူ နေသာအောင် လုပ်ပေးမယ်"

ချွေးစေးပြန်နေမည် ထင်ရသော နဖူးပြင်ကို အဝတ်နှင့် ဖွဖွ တို့ သုတ်ပေးတာတွေ၊ ခေါင်းအုံးပေါ်မှာ နေသားတကျရှိအောင် ပြုပြင်ပေးနေတာတွေကို မသိတစ်ချက် သိတစ်ဝက် ခံစားရင်း တစ်ကိုယ်လုံး အေးခဲတုန်ခိုက်လာသည် ။

'ချမ်းလိုက်တာ'အသံထွက်၍ ညည်းလိုက်မိလေသလား။

"ပန်ကာလျှော့ပေးမယ် ဖြူ၊ နွေးအောင် လုပ်ပေးမယ်၊ အသက်မှန်မှန်လေး ရှူ၊ စကားမပြောနဲ့ "

ရှိရှိသမျှခွန်အားကို စုစည်း၍ ခေါင်းကို ဘယ်ညာသွက်သွက်ကြီးခါယမ်းလိုက်မိသည် ။ အကြားအာရုံကို ကြိုးစားဖျောက်ကြည့်၏။ သို့သော် ဖြူမကြားလိုသော စကားတစ်ခွန်းကို နားမှ မဟုတ်ဘဲ သွေးထဲသားထဲက တစ်ရစ်ဝဲဝဲကြားနေရသည် ။

"စကားမပြောနဲ့ ...တဲ့ "

"စကားမပြောနဲ့ ...တဲ့ "

စကားတစ်ခွန်းမျှ မပြောဘဲ ကိုကိုလုပ်ကိုင်နေသမျှကို ရင်တမမ ကြည့်နေရသည် ။

လုံးချင်းဝတ္ထုစာမူဟု သိရသော လယ်ဂျာစာအုပ်အရွယ် ကတ်ထူစာအုပ်ကြီး ကိုးအုပ်ကို နောက်ဆုံးအကြိမ် စစ်ဆေးနေခြင်း ဖြစ်လေသည် ။

ဝါကျတစ်ကြောင်းချင်း အသေးစိတ် ဖတ်ရှုကာ ခဲတံဖြင့် စိတ်ရှည်လက်ရှည် အမှတ်အသားပြုသည် ။

လက်ရေးမသဘဝမှ လက်နှိပ်စက်လေးကော်ပီပွားကာ ကတ်ထူဖုံးဖြင့် စာအုပ်ချုပ်ပြီးသည် အထိ အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရှုစစ်ဆေး၍ မဆုံးနိုင်။ စေ့စပ်သေချာသော ကိုကို့စရိုက်ကို သည် လုပ်ငန်းစမိမှ တအံ့တဩ သတိထားမိတော့သည် ။

"ဒီမှာ ကြည့်စမ်း ဖြူ"

ကတ်ထူ စာအုပ်ကြီးတစ်အုပ်ကို ဖြူ့ရှေ့သို့ ထိုးပြရင်း ကိုကိုက ပြုံးခနဲ့ နဲ့ နှင့် ဖြူ့ကို စိန်းစိန်းစားစား ကြည့်သည် ။

'ရှက်တယ်ကွယ်'။ သို့သော် ကိုယ့်ယောက်ျားရဲ့ အကြည့်စူးစူးကြောင့် မဟုတ်တာလည်း သေချာလှသည် ။

"လကွယ်ည ဆယ်လေးနာရီ"

"ယမင်းဖြူသွယ်"

ရတ်ခြည်းပင် ဖတ်နေသော စာလုံးများ ဝေဝါးလာသည် ။ မျက်လုံးတွေပြာ လာပြီး မျက်နှာပြင်တစ်ခုလုံး ထူပူကာ အခိုးအလျှံတွေနှင့် မွှန်နေသလို ခံစားရသည် ။ ပြီး အထစ်ထစ်အငေါ့ငေါ့နှင့် -

"ယမင်း...ယမင်းဖြူသွယ်"

"အေး…လှတယ်နော် နာမည်က၊ ဖြူ သဘောကျတယ် မဟုတ်လား"

အမှတ်မထင် ခေါင်းညိတ်လိုက်ပြီးမှ မလုံမလဲစိတ်နှင့် ကယောင်ကတမ်း ခေါင်းခါရင်း -

"ဖြစ်…ဖြစ်ပဲ့မလား ကိုကိုရယ်"

"ဖြစ်တာပေ့ါကွာ၊ သိပ်ကို ဖြစ်တာပေ့ါ"

ကိုကိုက စာအုပ်တွေကို ဆွဲထပ်ပြီး စားပွဲထောင့်သို့ တွန်းပို့လိုက်ကာ ဆေးလိပ်ပြာခွက်ကို ဆွဲယူသည် ။ အံဆွဲတွင်းမှ ရွှေခြူးဆေးလိပ်ဖက်ဖြူဖြူတစ်လိပ် ရွေးထုတ်လိုက်ပြီး အေးဆေးစွာ မီးညှို့နေသည် ကို ကြည့်ရင်း ရင်တွေခုန်နေရလေသည် ။

'ယမင်းဖြူသွယ်'တဲ့ ။

***